# ၂၀၂၀ ခုနှစ် အောက်တိုဘာလ မှ ၂၀၂၁ခုနှစ် စက်တင်ဘာလအထိ

**ဆေးဝါးဌာနစိတ်၏ လုပ်ငန်းဆောင်ရွက်ချက်များ**

**၁။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း**

| | | | | |
|---|---|---|---|---|
| (က) | တိုင်းရင်းဆေးဝါးမှတ်ပုံတင် (အသစ်) | - | ၁၆၃ | စောင် |
| (ခ) | တိုင်းရင်းဆေးဝါးမှတ်ပုံတင် (သက်တမ်းတိုး) | - | ၄၇၃ | စောင် |
| (ဂ) | Online မှတ်ပုံတင်(သက်တမ်းတိုး) | - | ၂၄၁ | စောင် |
| (ဃ) | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် (အသစ်) | - | ၄၈ | စောင် |
| (င) | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် (သက်တမ်းတိုး) | - | ၂၄၉ | စောင် |
| (စ) | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် (ဖြည့်စွက်) | - | ၃၂ | စောင် |
| (ဆ) | ဈေးကွက်အတွင်းမှ စစ်တမ်းကောက်ယူသော ဆေးဝါးများ အနက်မှအများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း နေ့စဉ်ထုတ် သတင်းစာများတွင်ကြော်ငြာပြီးသော တိုင်းရင်းဆေးဝါးများ | - | (၂)ကြိမ် (၃)မျိုး | |
| (ဇ) | ပရဆေးကုန်ကြမ်းထောက်ခံချက် | - | ၂၃၃ | မျိုး |
| (ဈ) | CERTIFICATE OF FREE SALE(CFS) | - | ၁ | စောင် |
| (ည) | Capsule ထောက်ခံချက် | - | ၂၄ | မျိုး |
| (ဋ) | Excipient ထောက်ခံချက် | - | ၉ | စောင် |

**၂။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်)ခွင့်ပြု ဆေးဝါးအုပ်စုစာရင်းများ**

| စဉ် | ဆေးအမျိုးအစားများ | စုစုပေါင်း |
|---|---|---|
| ၁ | အစာကြေ၊ အစာအိမ်လေနိုင်၊ လေကြေနှင့်လျက်ဆားအုပ်စု | ၂၃ |
| ၂ | ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်၊ ပန်းနာလေပူကြွဆေးအုပ်စု | ၁၀ |
| ၃ | အခိုးပွင့်၊ အဖျား၊ အကိုက်အခဲသောက်ဆေး၊ ငန်းဆေး၊ မုဆိုးကျော်အုပ်စု | ၅ |
| ၄ | အကြောပြေဝမ်းပျော့ဆေး၊ အကြောတက်သောက်ဆေးအုပ်စု | ၁၀ |
| ၅ | နှလုံး၊ သည်းခြေ၊ အပူငြိမ်းဆေး၊ သွေးဆေးများအုပ်စု | ၁၃ |
| ၆ | မီးယပ်၊ ဒူလာဆေးအုပ်စု | ၇ |
| ၇ | သွေးတိုးကျဆေးအုပ်စု | ၂ |
| ၈ | အသည်းရောဂါသောက်ဆေးအုပ်စု | - |
| ၉ | ဆီး၊ ကျောက်ကပ်ရောဂါသောက်ဆေးအုပ်စု | - |
| ၁၀ | လိမ်းဆေး၊ ရှူဆေး၊ လိမ်းရှူဆေး၊ Roll-on ဆေးအုပ်စု | ၇၁ |
| ၁၁ | သွေးချို၊ ဆီးချိုကျဆေးအုပ်စု | ၃ |
| ၁၂ | လေငန်း၊ လေဖြတ်ရောဂါဆေးအုပ်စု | - |
| ၁၃ | ကလေး၊ သူငယ်နာဆေးအုပ်စု | - |
| ၁၄ | <u>အခြားအုပ်စုဝင်များ(အားဆေး)</u> | ၁၉ |
| | **စုစုပေါင်း** | **၁၆၃** |

## တိုင်းရင်းဆေးဝါးစက်ရုံ(မန္တလေး)၏လုပ်ငန်းဆောင်ရွက်ချက်များ

| စဉ် | စက်ရုံ | ဌာနသုံးဆေး | အရောင်းဆေး |
|---|---|---|---|
| ၁။ | တိုင်းရင်းဆေးဝါးစက်ရုံ(မန္တလေး) | **(၂၇)မျိုး**<br>- ဆေးမှုန့် (၂၄)မျိုး<br>- ဆေးပြား (၂)မျိုး<br>- အဆီခဲ(၁)မျိုး | **(၁၀)မျိုး**<br>- ဆေးပြား (၉)မျိုး<br>- အဆီခဲ(၁)မျိုး |

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်/မန္တလေး)၏ အရောင်းဆေး ဖြန့်ဖြူးမှု အခြေပြဇယား

| စဉ် | စက်ရုံအမည် | ဌာနသုံးဆေး | | အရောင်းဆေး | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ထုတ်လုပ် ပိဿာ/ဘူး | ဖြန့်ဖြူ ပိဿာ/ဘူး | ထုတ်လုပ် (ဘူး) | ဖြန့်ဖြူ (ဘူး) | |
| ၁ | တိုင်းရင်းဆေးဝါးစက်ရုံ (ရန်ကုန်) | - | ၃၇၉၁.၂၅ | - | - | |
| | ဖယောင်းချက် | - | - | - | - | |
| ၂ | တိုင်းရင်းဆေးဝါးစက်ရုံ (မန္တလေး) | ၁၁၀၁၅.၅၀ | ၈၅၃၄.၆၇ | ၃၄၀၆၃ | ၁၉၅၇၈ | |
| | ဖယောင်းချက် | ၁၂၂၅၄ | ၃၂၁၇၀ | - | - | |
| | လက်သန့်ဆေးရည် | - | ၁၁၉၂ | - | - | |

**ပရဆေးဥယျာဉ်၏လုပ်ငန်းများဆောင်ရွက်ချက်များ**

(၁) **ပရဆေးဥယျာဉ်သို့ ပြည်တွင်း/ပြည်ပမှ ဧည့်သည်များ လာရောက်လေ့လာခြင်း-**

- (၇-၈-၂၀၂၀)ရက်နေ့တွင် ဆေးဝါးတက္ကသိုလ်(ရန်ကုန်)မှ ပထမနှစ်ဆေးဝါးမဟာသိပ္ပံသင်တန်းသူ(1st year M.Pharm UOP (YGN))များ လာရောက်လေ့လာခဲ့ပါသည်။

(၂) **တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံသုံး ပရဆေးကုန်ကြမ်းများရရှိရေးအတွက်-**

- ပရဆေးဥယျာဉ် (၈)ခုမှ တာဝန်ခံဝန်ထမ်းများနှင့်ညှိနှိုင်းပြီး ရှေ့လာမည့်နှစ်အတွက် ပရဆေးဥယျာဉ်လုပ်ငန်းစီမံချက် များ ကြိုတင်ပြင်ဆင်ရေးဆွဲခြင်း၊
- (၂၀၂၁ -၂၀၂၂) ဘဏ္ဍာရေးနှစ်အတွင်း ပရဆေးကုန်ကြမ်း (၃၁) မျိုးထိ တိုးတက်ရရှိရေး အတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။

(၃) **အစီရင်ခံကာလအတွင်း ပရဆေးဥယျာဉ်(၇)ခုမှ-**

- တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံသုံး ပရဆေး ကုန်ကြမ်းအမျိုးအစား(၁၉)မျိုး၊
- ကုန်ကြမ်းစုစုပေါင်း (၉၆၇.၅၃)ပိဿာ ပေးပို့နိုင်ခဲ့ပါသည်။

  (သစ်ကြံပိုးခေါက်၊ သက်ရင်းကြီးခေါက်၊ ကရဝေးရွက်၊ ကြောင်လျှာခေါက်၊ ဆင်တုန်းမနွယ်၊ နွားမြေရင်း၊ နနွင်း၊ ကန့်ချုပ်နီ၊ စေးမခန်း၊ ခွေးတောက်၊ ပတဲကော၊ နံ့သာဖြူ၊ သစ်ဆိမ့်သီး၊ ခရေပွင့်၊ ပွေးကိုင်း၊ အလိုကြူ၊ တရုတ်စကားပွင့်ခြောက်၊ ကံ့ကော်ဝတ်ဆံ၊ ဣဿရမူလီ)

(၄) **အစီရင်ခံကာလအတွင်း အမျိုးသားပရဆေးဥယျာဉ်မှ တိုင်းရင်းဆေးရုံ(နေပြည်တော်)သို့**

- ဆေးရုံသုံး ကုန်ကြမ်း(အစို)(၂)မျိုး

  (ပတဲကောဥ၊ လင်းနေမြစ်)၊
- စုစုပေါင်းကုန်ကြမ်း (၃၁)ပိဿာ ပေးပို့ နိုင်ခဲ့ပါသည်။

(၅) **အစီရင်ခံကာလအတွင်း ရေဆင်းပရဆေးဥယျာဉ်သို့-**

- ပျိုးထုပ်သေး(၄၄)မျိုး၊ (၄၄)ပင်နှင့် ပျိုးထုပ်ကြီး(၂၁၇)ထုပ် အခမဲ့ဖြန့်ဝေပေးခြင်း၊
- အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ပျိုးထုပ်ကြီး(၁၆)ထုပ်အခမဲ့ ဖြန့်ဝေ ပေးခဲ့ပါသည်။

**(၆)** **နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်**

- နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်ကို မူလ(၂၂.၇၇)ဧကမှ (၁၉၆.၄)ဧကအထိ တိုးချဲ့ခဲ့ပြီး၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနနှင့် သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စသည့် ဝန်ကြီးဌာန (၃)ခုတို့မှ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

- တိုင်းရင်းဆေးပညာဦးစီးဌာန အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရှားပါးပရဆေးပင်များ အပါအဝင် ပရဆေးပင် အမျိုးအစားပေါင်း (၃၄၈)မျိုး၊ အပင်အရေအတွက် စုစုပေါင်း(၂၀၄၄၅)ပင်၊ ရေတွက်မရသောအပင်(၁)ရုံ၊ (၁၄၃) ဘောင် စုဆောင်းထားရှိ နိုင်ခဲ့ပါသည်။ အစီရင်ခံကာလအတွင်း ပျိုးထုပ်အသစ်(ကြီး/သေး) (၁၀၅၄) ထုပ်ထည့်ခြင်း၊ အပင်ဖါမြေချ စိုက်ပျိုးခြင်း (၁၄၅၈၁)၊ မြေချစိုက်ပျိုးပင် စုစုပေါင်း (၄၈၆၂၈)ပင် ရှိပါသည်။
- နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်တွင် အစီရင်ခံကာလအတွင်း ပျိုးအိုးအသစ် (၁၄)အိုး မျိုးသစ်ထည့်ခြင်း၊ အပင်အမျိုးအစားပေါင်း (၂၉၉)မျိုး၊ ပျိုးအိုးစုစုပေါင်း (၇၂၈)အိုးကို Label များဖြင့် ပျိုးစင်များတွင် စိုက်ထူပြသထားပါသည်။
- နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်မှ မျိုးထိန်းခြင်းလုပ်ငန်းကို အဓိကဆောင်ရွက်လျှက်ရှိပြီး၊ အစီရင်ခံကာလအတွင်း ပြင်ပသို့ ပျိုးပင်ပေါင်း(၁၄၁၇)ပင် ရောင်းချခဲ့ပြီး၊ ရောင်းချရငွေ စုစုပေါင်းကျပ်(၁၅၉,၇၀၀/-)ကို တိုင်းရင်းဆေးပညာဦးစီးဌာနရုံးချုပ် MD-010390 သို့ပေးသွင်းခဲ့ပါသည်။ မြိတ်ကန်သာယာပရဆေးဥယျာဉ်မှ သီဟိုဠ်စေ့ ရောင်းချရငွေ ကျပ်( ၆၀,၀၀၀/-) MD-010921 သို့ပေးသွင်းခဲ့ပါသည်။
- အစီရင်ခံကာလအတွင်း ပရဆေးဥယျာဉ်(၇)ခုတွင် ဆေးခါးကြီးပင် စုစုပေါင်း (၁၀၆၀၁)ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ဆက်လက်၍ စိုက်ကွက်တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်ပါသည်။ ကြို့ကုန်းပရဆေး ဥယျာဉ်တွင်လည်း ဆေးခါးကြီးစိုက်ပျိုးရန် စိုက်ကွက်များ ရှင်းလင်းမြေဆွပြီး ဖြစ်ပါသည်။